**အာဆီယံစီးပွားရေးအသိုက်အဝန်းအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

**နေပြည်တော်၊ နိုဝင်ဘာ ၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏ ပထမ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၇-၁၁-၂၀၂၃ ရက်၊ နေ့လယ် (၁:၀၀) နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၂)ရှိ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ လုပ်ငန်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေး ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းကော်မတီများမှ ဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို စနစ်တကျ စုစည်းသုံးသပ် တင်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးကြပါရန် ပြောကြားခဲ့ပါသည်။ ထို့နောက် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး လက်ထောက်အတွင်းဝန်ဒေါ်သီတာချို က လုပ်ငန်းအဖွဲ့ကဆောင်ရွက် ရမည့် တာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း တက်ရောက်လာသည့် လုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လယ် (၃:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။